# မန္တလေးတိုင်းဒေသကြီးဆိပ်ကမ်းများ၊
# သင်္ဘောဆိပ်များ၊ ဆိပ်ခံများ နည်းဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | - |
| ၃ | အခန်း(၂) ကော်မတီဖွဲ့စည်းခြင်း | ၂ | ၃ |
| ၄ | အခန်း(၃) လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း | ၃ | ၅ |
| ၅ | အခန်း(၄) ကော်မတီခွဲဖွဲ့စည်းခြင်း | ၆ | - |
| ၆ | အခန်း(၅) ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၆ | ၇ |
| ၇ | အခန်း(၆) လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ | ၇ | ၈ |
| ၈ | အခန်း(၇) ကော်မတီခွဲ၏ လုပ်ငန်းတာဝန်များ | ၈ | ၉ |
| ၉ | အခန်း(၈) သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ခြင်း | ၁၀ | - |
| ၁၀ | အခန်း(၉) ဆိပ်ကမ်းမြေနေရာအသုံးပြုခွင့်ပေးခြင်း | ၁၀ | ၁၁ |
| ၁၁ | အခန်း(၁၀) အခွန်အခအမျိုးအစားများနှင့် နှုန်းထားများ | ၁၁ | ၁၃ |
| ၁၂ | အခန်း(၁၁) ကွင်းဆင်းစစ်ဆေးခြင်း | ၁၃ | - |
| ၁၃ | အခန်း(၁၂) ခွင့်ပြုရန်ပုံငွေတောင်းခံခြင်းနှင့် ငွေကြေးသုံးစွဲခြင်း | ၁၄ | - |
| ၁၄ | အခန်း(၁၃) ဘဏ္ဍာရေးနှင့် ငွေစာရင်းစစ်ဆေးခြင်း | ၁၄ | - |
| ၁၅ | အခန်း(၁၄) အထွေထွေ | ၁၅ | - |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်)

**နိဒါန်း**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေပုဒ်မ(၃၃)၊ ပုဒ်မခွဲ(က)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်-

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မန္တလေးတိုင်းဒေသကြီးဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့် အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဥပဒေကို ဆိုသည်။

(ခ) **ဆိပ်ကမ်းတာ** ဆိုသည်မှာ ဆိပ်ကမ်းတစ်လျှောက် ကမ်းပါးများ ရေတိုက်စားခြင်း မခံရစေရန် တည်ဆောက်ထားသည့် အကာအရံ ကို ဆိုသည်။

(ဂ) **ဆိပ်ကမ်းမြေနေရာ** ဆိုသည်မှာ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်အဖြစ် သတ်မှတ်ထားသော မြေနေရာကို ဆိုသည်။

(ဃ) **ဆိပ်ကမ်းကပ်ခ** ဆိုသည်မှာ ဥပဒေအရ သတ်မှတ်ပြီးဖြစ်သော ဆိပ်ကမ်းများတွင် ဆိုက်ကပ်သော ရေယာဉ်များအပေါ် နေ့စဉ် ကောက်ခံသည့် အခကြေးငွေကို ဆိုသည်။

## အခန်း(၂)

## ကော်မတီဖွဲ့စည်းခြင်း

၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီး ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (၁) | ဝန်ကြီး | လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | အုပ်ချုပ်ရေးမှူး | တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | အတွင်းရေးမှူး | မြို့တော်စည်ပင်သာယာရေး ကော်မတီ | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး | တိုင်းဒေသကြီးမြန်မာနိုင်ငံ ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး | ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | လက်ထောက်အထွေထွေ မန်နေဂျာ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး | အဖွဲ့ဝင် |
| (၇) | လက်ထောက်အထွေထွေ မန်နေဂျာ | မန္တလေးဖောင်ဖွဲ့ရေး၊ မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီးဦးစီးမှူး | တိုင်းဒေသကြီးကုန်တင်ကုန်ချ ကော်မတီ | အဖွဲ့ဝင် |
| (၉) | ဆက်သွယ်ရေးအရာရှိ(ပ) | ရေနံနှင့်ဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး | ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း | အဖွဲ့ဝင် |

(၁၁) ဥက္ကဋ္ဌ စက်သုံးဆီလုပ်ငန်းရှင်ကြီးများ အသင်း အဖွဲ့ဝင်

(၁၂) ဥက္ကဋ္ဌ ကုန်တင်ရေယာဉ်ပိုင်ရှင်များ အသင်း အဖွဲ့ဝင်

(၁၃) ဥက္ကဋ္ဌ ခရီးသည်တင်ရေယာဉ်ပိုင်ရှင် များအသင်း အဖွဲ့ဝင်

(၁၄) ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးကုန်သည် အဖွဲ့ဝင်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အဖွဲ့ဝင်

(၁၅) တိုင်းဒေသကြီးဦးစီးမှူး ရေအရင်းအမြစ်နှင့်မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အတွင်းရေးမှူး

၄။ ဒုတိယဥက္ကဋ္ဌနှင့် တွဲဘက်အတွင်းရေးမှူး ရွေးချယ်ရာတွင် ကော်မတီဝင်များအနက်မှ ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ရမည်။ မဲအရေအတွက်တူညီနေပါက အဆိုပါမဲအရေအတွက် တူညီသူများကိုသာ ထပ်မံမဲပေးရွေးချယ်ရမည်။

၅။ ကော်မတီဝင်များမှ အလုပ်တာဝန်လွှဲခြင်း၊ နှုတ်ထွက်ခြင်းများ ပြုလုပ်လိုပါက (၇)ရက်ကြိုတင်၍ ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥက္ကဋ္ဌမှ အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း(၃)

## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၆။ ကော်မတီသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအား အောက်ပါ အတိုင်းဖွဲ့စည်းရမည်-

(က) ဆိပ်ကမ်းကြီးကြပ်ရေး လုပ်ငန်းကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်း ရမည်-

(၁) ညွှန်ကြားရေးမှူး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီးဦးစီးမှူး အလုပ်သမားကုန်တင်ကုန်ချ ကော်မတီ အဖွဲ့ဝင်

| | | |
|---|---|---|
| (၃) လက်ထောက်အထွေထွေ မန်နေဂျာ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး | အဖွဲ့ဝင် |
| (၄) လက်ထောက်အထွေထွေ မန်နေဂျာ | မန္တလေးဖောင်ဖွဲ့ရေး၊ မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (၅) ဆက်သွယ်ရေးအရာရှိ(ပ) | ရေနံနှင့်ဓာတုဗေဒပစ္စည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၆) ဥက္ကဋ္ဌ | ကုန်တင်ရေယာဉ်ပိုင်ရှင်များ အသင်း | အဖွဲ့ဝင် |
| (၇) ဥက္ကဋ္ဌ | ခရီးသည်တင်ရေယာဉ်များ အသင်း | အဖွဲ့ဝင် |
| (၈)ဌာနမှူး(အခွန်ဌာန) | မြို့တော်စည်ပင်သာယာရေး ကော်မတီ | အဖွဲ့ဝင် |
| (၉) ဒုတိယတိုင်းဒေသကြီး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးကြီး | အဖွဲ့ဝင် |
| (၁၀) သက်ဆိုင်ရာခရိုင် အုပ်ချုပ်ရေးမှူး | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) ဥက္ကဋ္ဌ | မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်း | အဖွဲ့ဝင် |
| (၁၂)ညွှန်ကြားရေးမှူး | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃)တိုင်းဒေသကြီးဦးစီးမှူး အတွင်းရေးမှူး | ရေအရင်းအမြစ်နှင့်မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | |

(ခ) ဆိပ်ကမ်းသာယာလှပရေးလုပ်ငန်းကော်မတီအား အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (၁) | တိုင်းဒေသကြီးဦးစီးမှူး | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယတိုင်းဒေသကြီးရဲမှူးကြီး | တိုင်းဒေသကြီးမြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | ဌာနမှူး(ပန်းဥယျာဉ်)ကော်မတီ | မြို့တော်စည်ပင်သာယာရေး | အဖွဲ့ဝင် |
| (၅) | တာဝန်ခံအရာရှိသယ်ယူပို့ဆောင်ရေး | ရေနံနှင့်ဓာတုဗေဒပစ္စည်း | အဖွဲ့ဝင် |
| (၆) | တိုင်းအင်ဂျင်နီယာလုပ်ငန်း | ပြည်သူ့ဆောက်လုပ်ရေး | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌအသင်း | ကုန်တင်ရေယာဉ်ကြီးများ | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌများအသင်း | ခရီးသည်တင်ရေယာဉ်ပိုင်ရှင် | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌအသင်း | နိုင်ငံခြားခရီးသည်ရေယာဉ် | အဖွဲ့ဝင် |
| (၁၀) | ဒုတိယတိုင်းဒေသကြီးဦးစီးမှူး | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | လက်ထောက်အထွေထွေမန်နေဂျာ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | အတွင်းရေးမှူး |

## အခန်း(၄)

## ကော်မတီခွဲဖွဲ့စည်းခြင်း

၇။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်အလိုက် ကော်မတီခွဲအား အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (က) | အုပ်ချုပ်ရေးမှူး ဦးစီးဌာန | မြို့နယ်အထွေထွေအုပ်ချုပ်ရေး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | မန်နေဂျာ | ဖောင်ဖွဲ့ရေး၊မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (င) | မြို့နယ်မန်နေဂျာ ပို့ဆောင်ရေး | ပြည်တွင်းရေကြောင်း | အဖွဲ့ဝင် |
| (စ) | ဦးစီးအရာရှိ | ရေကြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ | ရေယာဉ်နှင့်ပတ်သက်သော လုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (ဇ) | မြို့နယ်ဦးစီးမှူး | မြို့နယ်ကုန်တင်ကုန်ချကော်မတီ | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဦးစီးမှူး (တာဝန်ပေးသူ) | ရေအရင်းအမြစ်နှင့်မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၈။ ကော်မတီခွဲဝင်များမှ အလုပ်တာဝန်လွှဲခြင်း၊ နုတ်ထွက်ခြင်းများပြုလုပ်လိုပါက (၇)ရက် ကြိုတင်၍ ဥက္ကဋ္ဌထံတင်ပြရမည်။ ဥက္ကဋ္ဌသည် ကော်မတီမှတစ်ဆင့် ဝန်ကြီးထံတင်ပြအတည်ပြုချက် ရယူရမည်။

## အခန်း(၅)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၉။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီသည် ကော်မတီခွဲများ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု များအပေါ် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက် ရမည်။

(ဂ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊ ဖွံ့ဖြိုးတိုးတက်စေရေး လုံခြုံရေး၊ သာယာရေးဆိုင်ရာ စီမံချက်များကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲ၍ ဝန်ကြီးမှ တစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ ဆောင်ရွက်ရမည်။

(ဃ) ဤနည်းဥပဒေများအရ သတ်မှတ်သည့်အခွန်အခများကို အပြည့်အဝကောက်ခံရရှိ စေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(င) ဥပဒေနှင့်အညီ ကောက်ခံရရှိသော အခွန်အခများကို အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအဖြစ် ပေးသွင်းရန် စနစ်တကျဆောင်ရွက်ရမည်။

(စ) ဆိပ်ကမ်းနယ်အတွင်း လုပ်ငန်းဆောင်ရွက်လိုသော ပုဂ္ဂလိကများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များအား ခွင့်ပြုချက် ရရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရ မည်။

(ဆ) အစိုးရအဖွဲ့မှ ခွင့်ပြုသောအသုံးစရိတ်နှင့် ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်း၊ စနစ်တကျ စာရင်းရေးသွင်း ခြင်း၊ ဘဏ္ဍာရေးနှစ်အလိုက် စာရင်းစစ်ဆေးခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ဇ) ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်သူများ၏ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေး များ ထိခိုက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် အကာအကွယ်ပေးနိုင်ရန် စီမံဆောင်ရွက် ရမည်။

## အခန်း(၆)

## လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၀။ ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ဆိပ်ကမ်းများတွင် ရေယာဉ်များ စနစ်တကျ ဆိုက်ကပ်ရေး ဆောင်ရွက်ရမည်။

(ခ) ရေယာဉ်နှင့် ခရီးသည်ဘေးအန္တရာယ်မဖြစ်ရေး စီမံဆောင်ရွက်ရမည်။

(ဂ) ဆိပ်ကမ်းနယ်မြေ၌ ဆိုက်ကပ်ထားသော ရေယာဉ်များ၏ ရေယာဉ်မှတ်ပုံတင်၊ လုပ်ငန်းလုပ်ကိုင်သူများ၏ ကျွမ်းကျင်မှုလက်မှတ်များ စစ်ဆေးရမည်။

(ဃ) ဆိပ်ကမ်းနယ်မြေအတွင်း လုပ်ငန်းဆောင်ရွက်နေသော ရေယာဉ် ဂိတ်များ၊ ကုန်ပို့

ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များ လုပ်ငန်းမှတ်ပုံတင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(င) ဆိပ်ကမ်းနယ်မြေတွင် ကုန်တင်ကုန်ချဆောင်ရွက်သောလုပ်သားများအား တိုင်းဒေသကြီး ကုန်တင်ကုန်ချဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(စ) ဆိပ်ကမ်းနယ်မြေအတွင်း တရားမဝင် လုပ်သားများအား ဥပဒေနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်စေရန်နှင့် မှတ်ပုံတင်ထားခြင်းမရှိသော လုပ်သားများအား ဖယ်ရှားနိုင်ရေးအတွက် တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဆ) ဆိုက်ကပ်ရေယာဉ်များနှင့် ဆိပ်ကမ်းနယ် လုံခြုံရေးအတွက် စီမံဆောင်ရွက်ရမည်။

(ဇ) ဆိပ်ကမ်းအခွန်အခများ ရရှိရေး ဆောင်ရွက်ရမည်။

၁၁။ ဆိပ်ကမ်းသာယာလှပရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းဖြစ်ပေါ်လာရေး စီမံချက်ရေးဆွဲ ဆောင်ရွက်ရမည်။

(ခ) ဆိပ်ကမ်းများအား အမြဲအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

(ဂ) ဆိပ်ကမ်းနယ်အတွင်း ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အဦးများ၊ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦးများအား ဖယ်ရှားနိုင်ရေးအတွက် ကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

(ဃ) ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက် ရမည်။

(င) ဆိပ်ကမ်းများတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ကုန်တင်ကုန်ချ ကားလမ်းများ ဖော်ထုတ်နိုင်ရေးအတွက် စီမံဆောင် ရွက်ရမည်။

(စ) ဆိပ်ကမ်းဂိတ်များ၊ အသင်းများတွင် ခရီးသွားပြည်သူများ နားနေရန်အတွက် နားနေဆောင်များ ဆောက်လုပ်ရမည်။

## အခန်း(၇)

## ကော်မတီခွဲ၏ လုပ်ငန်းတာဝန်များ

၁၂။ ကော်မတီခွဲ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီခွဲသည် ဥပဒေပါ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အစီအစဉ်များ ရေးဆွဲ၍ ကော်မတီသို့ တင်ပြရမည်။

(ခ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊ ဖွံ့ဖြိုးတိုးတက်စေရေး၊ လုံခြုံရေး၊ သာယာလှပရေးဆိုင်ရာစီမံချက်များကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲ၍ ကော်မတီသို့ တင်ပြရမည်။

(ဂ) ဤနည်းဥပဒေများအရ သတ်မှတ်သည့်အခွန်အခများကို အပြည့်အဝကောက်ခံရရှိစေရန် ကြိုးကြပ်ဆောင်ရွက်ရမည်။

(ဃ) ဥပဒေနှင့်အညီ ကောက်ခံရရှိသောအခွန်အခများအား ကော်မတီ၏ ခွင့်ပြုချက်ရယူ၍ အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအဖြစ် ပေးသွင်းနိုင်ရန် စနစ်တကျဆောင်ရွက်ရမည်။

(င) ဆိပ်ကမ်းနယ်အတွင်း လုပ်ငန်းဆောင်ရွက်လိုသော ပုဂ္ဂလိကများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များအား ခွင့်ပြုချက်ရရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ ကော်မတီသို့ တင်ပြရမည်။

(စ) ဆိပ်ကမ်းများတွင် ရေယာဉ်များ စနစ်တကျဆိုက်ကပ်စေရေး ရေယာဉ်နှင့် ခရီးသည်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် စီမံကြီးကြပ်ဆောင်ရွက်ရမည်။

(ဆ) ဆိပ်ကမ်းနယ်မြေ၌ ဆိုက်ကပ်ထားသော ရေယာဉ်များ၏ မှတ်ပုံတင်၊ လုပ်ငန်းလုပ်ကိုင်သူများ၏ ကျွမ်းကျင်မှုလက်မှတ်များအား လုပ်ငန်းလိုအပ်ချက်နှင့်အညီ စစ်ဆေးရမည်။

(ဇ) ဆိပ်ကမ်းနယ်မြေတွင် ကုန်တင်ကုန်ချဆောင်ရွက်သော လုပ်သားများအား ဥပဒေနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်စေရေးနှင့် မှတ်ပုံတင်ထားခြင်းမရှိသော လုပ်သားများ ဖယ်ရှားနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် ကုန်တင်ကုန်ချကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဈ) ဆိပ်ကမ်းများအား အမြဲအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက် ရမည်။

(ည) ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(ဋ) ဆိပ်ကမ်းနယ်အတွင်း ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများ၊ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံများအား ဖယ်ရှားနိုင်ရေးနှင့် ကျူးကျော်နေထိုင်သူများအားဖယ်ရှားနိုင်ရေးအတွက် ကော်မတီသို့တင်ပြဆောင်ရွက်ရမည်။

(ဌ) ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချကားလမ်းများ ဖော်ထုတ်နိုင်ရေးနှင့် ခရီးသွားပြည်သူများအတွက် နားနေဆောင်များ ဆောက်လုပ် နိုင်ရန် စီမံဆောင်ရွက်ရမည်။

## အခန်း(၈)

## သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ခြင်း

၁၃။ ကော်မတီသည်-

(က) ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း နှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) ဆိပ်ကမ်းနယ်မြေအတွင်း ဆိုက်ကပ်ထားသော ရေယာဉ်များ၊ ဆိပ်ကမ်းနယ်အနီး ပတ်ဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ၊ နေထိုင်သူများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ရေထုညစ်ညမ်းစေသော အမှိုက်သရိုက်များ၊ အညစ်အကြေးများ စက်သုံးဆီနှင့် တိရစ္ဆာန်အသေကောင်များကို ဆိပ်ကမ်းနယ်အတွင်း စွန့်ပစ်ခြင်းမပြုရေးအတွက် ပြည်သူများအား အသိပညာပေးရမည်။

(ဃ) ရေနေသတ္တဝါများ ဂေဟစနစ်မပျက်စီးစေရေး၊ မျိုးမတုန်းစေရေးအတွက် လျှပ်ကူး ပစ္စည်းများ၊ ဓာတုပစ္စည်းများဖြင့် ဖမ်းဆီးခြင်းမှ ကာကွယ်ပေးရမည်။

## အခန်း(၉)

## ဆိပ်ကမ်းမြေနေရာအသုံးပြုခွင့်ပေးခြင်း

၁၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက် ရမည်-

(က) ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် ရေယာဉ်ဆိုက်ကပ်ရပ်နားရန် အတွက် မြေနေရာအသုံးပြုခွင့်အား ဦးစီးဌာနမှ ဆက်လက်ထောက်ခံတင်ပြလာခြင်း အပေါ် စိစစ်အတည်ပြုခြင်း၊ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း။

(ခ) ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့်ဆိပ်ကမ်းနယ်တို့တွင် မြေနေရာအသုံးပြု၍ အဆောက် အအုံဆောက်လုပ်ခွင့် လျှောက်ထားတင်ပြလာခြင်းအား ဦးစီးဌာနမှ ဆက်လက် ထောက်ခံတင်ပြခြင်းအပေါ် စိစစ်အတည်ပြုခြင်း၊ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း။

(ဂ) မြေနေရာအသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထားသော ခွင့်ပြုမိန့်ကို ဦးစီးဌာန ၏ စစ်ဆေးတင်ပြသည့်အထောက်အထားများအရ ရုပ်သိမ်းခြင်း။

(ဃ) နိုင်ငံတော်စီမံကိန်း တစ်ရပ်ရပ်ပေါ်ပေါက်လာပါက မြေနေရာ အသုံးပြုခွင့်ရရှိသူထံမှ မူလခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း။

(င) ဆိပ်ကမ်းနယ်မြေအတွင်းရှိပြီးဖြစ်သော ပုဂ္ဂလိကပိုင်မြေ၊ သာသနာပိုင်မြေ၊ အစိုးရပိုင်မြေပေါ်တွင် အသုံးပြုခွင့်ရရှိရန်အတွက် ကော်မတီမှတစ်ဆင့် တင်ပြလာခြင်းအပေါ် အတည်ပြုခြင်း၊ ခွင့်ပြု ခြင်း၊ ငြင်းပယ်ခြင်း။

## အခန်း(၁၀)

## အခွန်အခ အမျိုးအစားနှင့် နှုန်းထားများ

၁၅။ ကော်မတီသည် ဆိပ်ကမ်းအခွန်အခအမျိုးအစားများကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်နိုင်သည်-

(က) ဆိပ်ကမ်းနေရာခွန်

(ခ) အဆောက်အဦးနှင့်ရေယာဉ်လွှန်းကျင်းအခွန်

(ဂ) စုပုံခွန်

(ဃ) ဆိပ်ကမ်းကပ်ခအခွန်

(င) ယာယီစုပုံခွန်

(စ) ကားရပ်နားခွန်

(ဆ) ဈေးဆိုင်ခွန်

**၁၆။ အခွန်အခနှုန်းထား**

(က) ဆိပ်ကမ်းနေရာခွန်

-ဆိပ်ကမ်းနေရာခွန်အား တစ်စတုရန်းမီတာလျှင် တစ်လ(၁၂၅)ကျပ်နှုန်း ကောက်ခံရန်။

(ခ) အဆောက်အဦးနှင့်ရေယာဉ်လွှန်းကျင်းနေရာအတွက်အခွန်

-အဆောက်အဦးနှင့်ရေယာဉ်လွှန်းကျင်းအခွန် တစ်စတုရန်း မီတာလျှင် တစ်လ(၁၂၅) ကျပ်နှုန်း ကောက်ခံရန်၊

(ဂ) စုပုံနေရာအတွက်အခွန်

-ဆိပ်ကမ်းမြေနေရာတွင် ကုန်ပစ္စည်းများစုပုံသောနေရာအားဘဏ္ဍာရေးနှစ်အလိုက် အောက်ပါအတိုင်း ကောက်ခံရန်-

| စဉ် | အမျိုးအစား | အတိုင်းအတာ | တစ်လ (နှုန်းထားကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁။ | သဲ | တစ်စတုရန်းမီတာ | ၃၇၅ | |
| ၂။ | ကျောက်စရစ်၊<br>လမ်းခင်းကျောက်၊<br>အလှဆင်ကျောက်၊<br>ကျောက်အမျိုးမျိုး | ။ | ၃၇၅ | |
| ၃။ | အုတ်၊ကွန်ကရစ် | ။ | ၂၅၀ | |
| ၄။ | သစ်၊သစ်လုံး၊မျော | ။ | ၂၅၀ | |
| ၅။ | ဝါး၊ဓနိ | ။ | ၁၂၅ | |
| ၆။ | အခြားပစ္စည်း | ။ | ၁၂၅ | |

(ဃ) ဆိပ်ကမ်းကပ်ခွန်

- ရေယာဉ်အရွယ်အစားသတ်မှတ်၍ ဒေသအလိုက် နှုန်းသတ်မှတ် ကောက်ခံရန်၊

(င) ယာယီစုပုံခွန်

- ကုန်စည်များအား ရေယာဉ်ပေါ်သို့မတင်မီနှင့် ရေယာဉ်ပေါ်မှ ချထားပြီး မသယ်ယူမီ ဆိပ်ကမ်းတွင် ယာယီစုပုံထားမှုအား ဒေသအလိုက် နှုန်းသတ်မှတ်ကောက်ခံရန်၊

(စ) ကားရပ်နားခွန်

- ဆိပ်ကမ်းမြေနေရာတွင် ကားအမျိုးအစား၊ အရွယ်အစား သတ်မှတ်၍ ဒေသအလိုက် ကောက်ခံရန်၊

(ဆ) ဆိုင်ခန်းခွန်

- ဆိုင်ခန်းအရွယ်အစားသတ်မှတ်၍ ဒေသအလိုက်နှုန်းသတ်မှတ် ကောက်ခံရန်။

**၁၇။ အခွန်အခကောက်ခံပေးသွင်းခြင်း**

(က) ဆိပ်ကမ်းနေရာ၊ အဆောက်အဦးနှင့် ရေယာဉ်လွန်းကျင်းနေရာ၊ စုပုံနေရာ၊ ဈေးဆိုင်ခန်းစသည့်အခွန်အခများကို ဦးစီးဌာနမှ ကောက်ခံ၍ အစိုးရအဖွဲ့ရန်ပုံငွေသို့ ဘဏ္ဍာရေးနှစ်အလိုက် ပေးသွင်းရမည်။

(ခ) ရေယာဉ်ဆိုက်ကပ်ရပ်နားခွန်၊ ယာယီစုပုံခွန်၊ ကားရပ်နားခွန်များကို ဘဏ္ဍာရေးနှစ်အလိုက် ဦးစီးဌာနမှ တစ်နှစ်တစ်ခါ တင်ဒါခေါ်၍ ရရှိသည့်အခွန်ငွေကို အစိုးရအဖွဲ့ရန်ပုံငွေသို့ ပေးသွင်းရမည်။

## အခန်း(၁၁)

## ကွင်းဆင်းစစ်ဆေးခြင်း

၁၈။ ကော်မတီ၊ ကော်မတီခွဲ၊ ဦးစီးဌာနတို့မှ အောက်ပါအတိုင်း ကွင်းဆင်းစစ်ဆေးနိုင်သည်-

**(က) ဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခြင်း**

(၁) ဦးစီးဌာနသည် လုပ်ငန်းအမျိုးအစားအလိုက် တိုင်းတာခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများပြုနိုင်သည်။

(၂) ဦးစီးဌာနသည် ကွင်းဆင်းစစ်ဆေးရာတွင် မြေယာပိုင်ဆိုင်ခြင်း၊ လက်ရှိဖြစ်ခြင်း၊ အတိုင်းအတာမှန်ကန်ခြင်းနှင့် လျှောက်ထားလုပ်ကွက် မှန်ကန်ခြင်းတို့ကို စစ်ဆေးရမည်။

(၃) ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအား တိုင်းတာပုံထုတ်၍ သုံးသပ်ချက်များနှင့်တကွ ကော်မတီထံတင်ပြရမည်။

**(ခ) ကော်မတီ၊ ကော်မတီခွဲများမှ ကွင်းဆင်းစစ်ဆေးခြင်း**

(၁) သက်ဆိုင်ရာဦးစီးဌာနမှ စစ်ဆေးတင်ပြလာမှုအပေါ် လိုအပ်ပါက ကွင်းဆင်းစစ်ဆေးနိုင်သည်။

(၂) သင်္ဘောဆိပ်များ၊ ဆိပ်ကမ်းများ၊ ဆိပ်ခံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လစဉ်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရမည်။

(၃) အခါအားလျော်စွာ လုပ်ငန်းပေါ်ပေါက်ပါက ကွင်းဆင်းစစ်ဆေးရမည်။

(၄) ကွင်းဆင်းစစ်ဆေးရာတွင် ကော်မတီဝင်အနည်းဆုံး(၅)ဦး သို့မဟုတ် ကော်မတီခွဲဝင် အနည်းဆုံး(၅)ဦးပါဝင်ရမည်။

## အခန်း(၁၂)

## ခွင့်ပြုရန်ပုံငွေတောင်းခံခြင်း၊ ငွေကြေးသုံးစွဲခြင်း

၁၉။ ကော်မတီနှင့် ကော်မတီခွဲသည် အစိုးရအဖွဲ့ထံသို့ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ လုံခြုံရေး၊ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ အသုံးစရိတ်ရန်ပုံငွေတောင်းခံရမည်။

၂၀။ ကော်မတီနှင့် ကော်မတီခွဲသည် အစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများတွင် ငွေကြေးသုံးစွဲခွင့်ရှိသည်-

(က) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊ ဆိပ်ကမ်းရုံးခွဲများ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် တည်ဆောက်ရေး၊ ထိန်းသိမ်းရေး၊ ပြုပြင်ရေးလုပ်ငန်းများ၊

(ခ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လုံခြုံရေးလုပ်ငန်းများ၊

(ဂ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ။

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊

(င) ဥပဒေအရ အခြားဆောင်ရွက်ရမည့်လုပ်ငန်းများ၊

၂၁။ ကော်မတီနှင့် ကော်မတီခွဲများသည် ငွေကြေးသုံးစွဲရာတွင် ငွေစာရင်းဆိုင်ရာလုပ်ထုံး လုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပြတောင်းခံသုံးစွဲ၍ ဘဏ္ဍာရေး လုပ်ထုံး လုပ်နည်းနှင့်အညီ စနစ်တကျ ငွေစာရင်းရှင်းလင်းမှု ဆောင်ရွက်ရမည်။

## အခန်း(၁၃)

## ဘဏ္ဍာရေးနှင့် ငွေစာရင်းစစ်ဆေးခြင်း

၂၂။ ကော်မတီ၊ ကော်မတီခွဲတို့သည် ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့် အညီ စီမံကြီးကြပ်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဆိုင်ရာဝန်ထမ်း၊ ငွေစာရင်းဆိုင်ရာဝန်ထမ်းများကို သီးခြားခန့်ထားတာဝန်ပေးဆောင်ရွက်ရမည်။

၂၃။ ကော်မတီ၊ ကော်မတီခွဲတို့သည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ငွေကြေးအရအသုံး ဆိုင်ရာ စာရင်းများကို တစ်နှစ်တစ်ကြိမ် စစ်ဆေးရမည်။ လိုအပ်ပါက တိုင်းဒေသကြီးစာရင်းစစ်ရုံး၊ သက်ဆိုင်ရာ မြို့နယ်စာရင်းစစ်ရုံးများကို အကူအညီတောင်းခံဆောင်ရွက်နိုင်သည်။

## အခန်း(၁၄)

## အထွေထွေ

၂၄။ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့အတွင်း ဥပဒေနှင့် ဤနည်းဥပဒေများအရ လုပ်ငန်းတစ်ခုခုအတွက် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်း လုပ်ကိုင်ခွင့်အတွက်သာဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၅။ ဥပဒေအာဏာမတည်မီက ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် တည်ဆောက်ထားရှိသော လုပ်ငန်းတစ်ခုခုကို ဥပဒေအာဏာတည်ပြီးနောက် ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထား၍ အတည်ပြုချက်၊ ခွင့်ပြုချက် ရယူရမည်။

၂၆။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မြစ်တွင်းသွား ရေယာဉ်များ ဆိုက်ကပ်ရပ်နားရေးအတွက် ဆိပ်ကမ်းများအလိုက် သင့်တော်သော ဆိပ်ကမ်းကပ်ခနှုန်းထားကို ဖွံ့ဖြိုးမှုအခြေအနေအရ နှစ်အလိုက် သတ်မှတ်ပေး ရမည်။

၂၇။ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ တို့အရ တရားစွဲဆိုခြင်းအား သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ရမည်။

၂၈။ ဆိပ်ကမ်းနယ်အတွင်း ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံများ၊ ကျူးကျော်နေထိုင်သူများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ကော်မတီခွဲတို့သည် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့၏ အကူအညီတောင်းခံနိုင်သည်။

၂၉။ ဆိပ်ကမ်းနယ်မြေနေရာအတွင်း လုပ်ငန်းများ ဆောင်ရွက်လိုပါက ဤနည်းဥပဒေများပါ သတ်မှတ်ပုံစံများနှင့်အညီ လျှောက်ထားနိုင်သည်။

(ပုံ)ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပုံစံ(၁)

**ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန်အတွက် မြေနေရာအသုံးပြုခွင့် ထုတ်ပေးရန် လျှောက်လွှာပုံစံ**

သို့

တိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

ရက်စွဲ၊

အကြောင်းအရာ။ **ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်တို့တွင် ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန်အတွက် မြေ နေရာ အသုံးပြုခွင့်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်တို့တွင် ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန်အတွက် မြေနေရာသတ်မှတ်လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်ထုတ်ပေးပါရန် မန္တလေးတိုင်းဒေသကြီး၊ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ၊ နည်းဥပဒေများအရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊------------------
---------------------------------------------------------------------------------

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊------------------------------
---------------------------------------------------------------------------------

(ဂ) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့်အီးမေးလ် လိပ်စာ-------------------------------------------------------------------

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း အမည်၊ မှတ်ပုံတင်အမှတ်နှင့်တည်နေရာ၊ လိပ်စာ၊-----------------------------------
---------------------------------------------------------------------------------

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်နှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ၊-------------------------------------------
---------------------------------------------------------------------------------

(စ) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ ------------------------------
---------------------------------------------------------------------------------

(ဆ) ဆိပ်ကမ်းအသုံးပြုမည့်နေရာ လိပ်စာ၊ ----------------------------------------
---------------------------------------------------------------------------------

(ဈ) ဆိပ်ကမ်းအသုံးပြုမည့်နေရာ အကျယ်အဝန်း၊ အတိုင်းအတာ၊ ----------------------

----------------------------------------------------------------------------------------------

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်ပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ(ရှိလျှင်)။

(ခ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်။

(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့်မှတ်ပုံတင်လက်မှတ်မိတ္တူ။

(ဃ) ဆိပ်ကမ်းအသုံးပြုမည့်မြေနေရာ၏ တည်နေရာပြ မြေပုံအကြမ်း။

(င) လျှောက်ထားသူ၏အမျိုးသားမှတ်ပုံတင်မိတ္တူ(၃)စောင်။

(စ) လျှောက်ထားသူ၏ ဓာတ်ပုံ(၃)ပုံ။

(ဆ) ----------------------------------------------------------------------------------------

----------------------------------------------------------------------------------------။

လက်မှတ်၊ -------------------------------------------

လျှောက်ထားသူအမည်၊------------------------------

လျှောက်ထားသည့်အဖွဲ့အစည်းအမည်၊----------------

---------------------------------------------------------

ကိုယ်စားလှယ်အမည်၊-------------------------------

ဆက်သွယ်ရန်လိပ်စာ၊---------------------------------

---------------------------------------------------------

ဖုန်း၊ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ၊---------------

---------------------------------------------------------

ပုံစံ(၂)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန**

**မန္တလေးမြို့**

**ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့်ဆိပ်ကမ်းနယ်တို့တွင် ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန် မြေနေရာအသုံးပြုလုပ်ကိုင်ခွင့်ပြုချက်**

**အမှတ်(  /  )**

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တင်ပြချက်ကို စိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် ရေယာဉ်များဆိုက်ကပ်ရပ်နားရန် မြေနေရာအသုံးပြုလုပ်ကိုင်ခွင့် ခွင့်ပြုချက်ထုတ်ပေးလိုက်သည်-

(က) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ ---------------------------

------------------------------------------------------------------------------------------------။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကဒ်အမှတ်၊---------------

------------------------------------------------------------------------------------------------။

(ဂ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်၏နေရပ်လိပ်စာ၊--------------------------------

------------------------------------------------------------------------------------------------။

(ဃ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့်တည်နေရာလိပ်စာ၊-----------------------------------------------------------------------------------။

၂။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်တည်နေရာ။----------------------------------------

----------------------------------------------------------------------------------------------------။

၃။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့်တည်နေရာ၊အကျယ်အဝန်း၊အတိုင်းအတာ-----------------

----------------------------------------------------------------------------------------------------။

၄။ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည်-

(က) မြစ်ချောင်းအတွင်းသတ်မှတ်ချက်ထက်ပို၍ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

(ခ) ခွင့်ပြုသည့်လုပ်ငန်းနေရာအကျယ်အဝန်း၊ အတိုင်းအတာထက်ပို၍ လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ဂ) မြစ်ချောင်း၊ ရေလမ်းကြောင်းအတွင်း ရေယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း မပြုရ။

(ဃ) ရေထုညစ်ညမ်းမှုကိုဖြစ်စေသည့် သို့မဟုတ် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေသည့် ကိစ္စရပ်များ မပြုရ။

(င) ဦးစီးဌာန၏ အခါအားလျော်စွာ ထုတ်ပြန်သောစည်းကမ်းချက်များကို လိုက်နာရမည်။

၅။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ ၁နှစ်ဖြစ် သည်။

(က) ခွင့်ပြုသည့်ကာလမှာ၊-------------------------------------------------------------------
-----------------------------------ထိ ဖြစ်သည်။

(ခ) လုပ်ငန်းခွင့်ပြုချက် ရရှိသည့်ခွင့်ပြုသည့်ကာလ ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀)ကြိုတင်၍ သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားရမည်။

လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ်၊---------------------------

ရက်စွဲ၊------------------------------

ပုံစံ(၃)

**ကမ်းပါးနယ်၊ကမ်းနားနယ်နှင့်ဆိပ်ကမ်းနယ်တို့တွင် မြေနေရာအသုံးပြု၍ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာပုံစံ**

သို့

တိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

ရက်စွဲ၊------------------------

အကြောင်းအရာ။ **ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့်ဆိပ်ကမ်းနယ်တို့တွင် မြေနေရာအသုံးပြု၍ အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်ထားခြင်း။**

၁။ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့်ဆိပ်ကမ်းနယ်တို့တွင် မြေနေရာအသုံးပြု၍ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင် ခွင့်ပြုချက်ထုတ်ပေးပါရန် မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ၊ နည်းဥပဒေများအရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ------------------
--------------------------------------------------------------------------------။

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့်မွေးသက္ကရာဇ်၊-------------------------------
--------------------------------------------------------------------------------။

(ဂ) လျှောက်ထားသူ၏နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊------------------------------------------------------------------------။

(ဃ) လျှောက်ထားသူသည်အဖွဲ့အစည်းကိုယ်စားလျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်းအမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာ လိပ်စာ၊--------------------------------
--------------------------------------------------------------------------------။

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊ -------------------------------------------
--------------------------------------------------------------------------------။

(စ) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊-------------------------------
--------------------------------------------------------------------------------။

(ဆ) အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည့်နေရာလိပ်စာ၊----------------
---------------------------------------------------------------------------------။

(ဇ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်မည့်နေရာ အကျယ်အဝန်း၊ အတိုင်းအတာ-----------------------------------------------------------------
---------------------------------------------------------------------------------။

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်သွားပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများ ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကိုပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ (ရှိလျှင်)။

(ခ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်။

(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့်မှတ်ပုံတင်လက်မှတ်မိတ္တူ။

(ဃ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်မည့်မြေနေရာ၏ တည်နေရာပြ မြေပုံအကြမ်း။

(င) လျှောက်ထားသူ၏ အမျိုးသားမှတ်ပုံတင် မိတ္တူ(၃)စောင်။

(စ) လျှောက်ထားသူ၏ ဓာတ်ပုံ(၃)ပုံ။

(ဆ) ------------------------------------------------------------------------------
---------------------------------------------------------------------------------။

လက်မှတ်၊ -----------------------------------
လျှောက်ထားသူအမည်၊------------------------
လျှောက်ထားသည့်အဖွဲ့အစည်းအမည်၊---------
---------------------------------------------
ကိုယ်စားလှယ်အမည်၊-------------------------
ဆက်သွယ်ရန်လိပ်စာ၊-------------------------
---------------------------------------------
ဖုန်း၊ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ၊--------
---------------------------------------------

## ပုံစံ(၄)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

## မန္တလေးမြို့

## ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် မြေနေရာအသုံးပြု၍ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း

## လုပ်ကိုင်ခွင့်ပြုချက်အမှတ် (     /     )

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီး၊ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တင်ပြချက်ကို စိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် မြေနေရာအသုံးပြု၍ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက် ထုတ်ပေးလိုက်သည်-

(က) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ ---------------------------
----------------------------------------------------------------------------------------။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကဒ်အမှတ်၊ --------------
----------------------------------------------------------------------------------------။

(ဂ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်၏ နေရပ်လိပ်စာ၊ -------------------------------
----------------------------------------------------------------------------------------။

(ဃ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့် တည်နေရာလိပ်စာ၊---------------------------------------------------------------------------။

၂။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်တည်နေရာ၊--------------------------------------
----------------------------------------------------------------------------------------။

၃။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့်နေရာ၊ အကျယ်အဝန်း၊ အတိုင်းအတာ၊ --------------------
----------------------------------------------------------------------------------------။

၄။ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည်-

(က) ကမ်းနားနယ်အတွင်း သတ်မှတ်ချက်ထက်ပို၍ လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ခ) ခွင့်ပြုသည့်လုပ်ငန်းနေရာ အကျယ်အဝန်း၊ အတိုင်းအတာထက်ပို၍ လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ဂ) မြစ်ချောင်း၊ ရေလမ်းကြောင်းအတွင်း ရေယာဉ်သွားလာမှုကို အနှောင့်အယှက် ဖြစ်စေခြင်း မပြုရ။

(ဃ) ရေထုညစ်ညမ်းမှုကိုဖြစ်စေသည့် သို့မဟုတ် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေသည့် ကိစ္စများ မပြုရ။

(င) ဦးစီးဌာန၏ အခါအားလျော်စွာ ထုတ်ပြန်သောစည်းကမ်းချက်များကို လိုက်နာရမည်။

၅။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ ၁နှစ် ဖြစ်သည်။

(က) ခွင့်ပြုသည့်ကာလမှာ၊ ---------------------------------------------------------------
---------------------------------------------------------------- ထိဖြစ်သည်။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် ခွင့်ပြုသည့်ကာလ ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀)ကြိုတင်၍ သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားရမည်။

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီး**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

စာအမှတ်၊ -----------------------

ရက်စွဲ၊ --------------------------

ပုံစံ(၅)

**မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့်ကမ်းနားနယ်အတွင်း လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတားနှင့် ဇောတံတား၊ ရေဆင်းတံတား တည်ဆောက်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း လုပ်ကိုင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာပုံစံ**

သို့

တိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

အကြောင်းအရာ။ **မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘော ကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတားနှင့် ဇောတံတား၊ ရေဆင်းတံတားတည်ဆောက်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း လုပ်ကိုင်ခွင့်ပြု ချက်ထုတ်ပေးရန် လျှောက်ထားခြင်း။**

၁။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတား၊ ဇောတံတား၊ ရေဆင်းတံတား တည်ဆောက်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း လုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင် ခွင့်ပြုချက် ထုတ်ပေးပါရန် မန္တလေးတိုင်းဒေသကြီး၊ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဥပဒေ၊ နည်းဥပဒေများအရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ------------------- ---------------------------------------------------------------------------------။

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ ------------------------------ ---------------------------------------------------------------------------------။

(ဂ) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ် လိပ်စာ---------------------------------------------------------------------------။

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စားလျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့ အစည်း အမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာ လိပ်စာ၊-------------------------- ---------------------------------------------------------------------------------။

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်နှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊----------------------------------------------- ---------------------------------------------------------------------------------။

(စ) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ -------------------------------
--------------------------------------------------------------------------------။

(ဆ) လုပ်ငန်းလုပ်ကိုင်မည့်နေရာ လိပ်စာ၊ ---------------------------------------------
--------------------------------------------------------------------------------။

(ဇ) လုပ်ငန်းလုပ်ကိုင်မည့်နေရာ အကျယ်အဝန်း၊ အတိုင်းအတာ၊ -----------------------
--------------------------------------------------------------------------------။

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ(ရှိလျှင်)။

(ခ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ထောက်ခံချက်။

(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့် မှတ်ပုံတင် လက်မှတ်မိတ္တူ။

(ဃ) ဆိပ်ကမ်းအသုံးပြုမည့် မြေနေရာ၏ တည်နေရာပြ မြေပုံအကြမ်း။

(င) လျှောက်ထားသူ၏ အမျိုးသားမှတ်ပုံတင်မိတ္တူ(၃)စောင်။

(စ) လျှောက်ထားသူ၏ ဓာတ်ပုံ(၃)ပုံ။

(ဆ) --------------------------------------------------------------------------------
--------------------------------------------------------------------------------။

လက်မှတ်၊-----------------------------------------

လျှောက်ထားသူအမည်၊-----------------------------

လျှောက်ထားသည့်အဖွဲ့အစည်းအမည်၊----------------
--------------------------------------------------

ကိုယ်စားလှယ်အမည်၊ ------------------------------

ဆက်သွယ်ရန်လိပ်စာ၊ ------------------------------
--------------------------------------------------

ဖုန်း၊ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ၊--------------
--------------------------------------------------

ပုံစံ(၆)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန**

**မန္တလေးမြို့**

**မြစ်ချောင်းနယ်ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း**

**လွန်းလမ်း၊သင်္ဘောကျင်း၊ရေစိုသင်္ဘောကျင်း၊ရေလုံသင်္ဘောကျင်း**

**ဆိပ်ခံတံတားနှင့်ဖောတံတား၊ ရေဆင်းတံတားတည်ဆောက်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုချက်အမှတ်(      /      )**

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီး၊ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ တင်ပြချက်ကို စိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတားနှင့် ဖောတံတား၊ ရေဆင်းတံတားတည်ဆောက်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုချက်ထုတ်ပေးလိုက် သည်-

(က) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ ----------------------------
------------------------------------------------------------------------------------------။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကဒ်အမှတ်၊ --------------
------------------------------------------------------------------------------------------။

(ဂ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်၏ နေရပ်လိပ်စာ၊ -------------------------------
------------------------------------------------------------------------------------------။

(ဃ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့် တည်နေရာလိပ်စာ၊----------------------------------------------------------------------------
------------------------------------------------------------------------------------------။

၂။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်တည်နေရာ၊ ---------------------------------------
------------------------------------------------------------------------------------------။

၃။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့်နေရာအကျယ်အဝန်း၊အတိုင်းအတာ၊ ----------------------
------------------------------------------------------------------------------------------။

၄။ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည်-

(က) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သတ်မှတ်ချက်ထက်ပို၍ လုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

(ခ) ခွင့်ပြုသည့်လုပ်ငန်းနေရာအကျယ်အဝန်း၊ အတိုင်းအတာထက်ပို၍ လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ဂ) မြစ်ချောင်း၊ ရေလမ်းကြောင်းအတွင်း ရေယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း မပြုရ။

(ဃ) ရေထုညစ်ညမ်းမှုကိုဖြစ်စေသည့် သို့မဟုတ် ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုဖြစ်စေသည့် ကိစ္စများ မပြုရ။

(င) ဦးစီးဌာန၏ အခါအားလျော်စွာ ထုတ်ပြန်သောစည်းကမ်းချက်များကို လိုက်နာရမည်။

၅။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ ၁နှစ်ဖြစ် သည်။

(က) ခွင့်ပြုသည့်ကာလမှာ၊ ------------------------------------------------------------ ------------------------------------------------------------ထိဖြစ်သည်။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် ခွင့်ပြုသည့်ကာလ ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀)ကြိုတင်၍ သက်တမ်းတိုးမြှင့် ပေးရန် လျှောက်ထားရမည်။

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီး**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

စာအမှတ်၊ ---------------

ရက်စွဲ၊ ------------------

ပုံစံ(၇)

## ကမ်းပါးနယ်နှင့်ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်းတည်ဆောက်ရေး လုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်လွှာပုံစံ

သို့

တိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

ရက်စွဲ၊ --------------------------

အကြောင်းအရာ။ **ကမ်းပါးနယ်နှင့်ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း တည်ဆောက်ရေး လုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြား အရာဝတ္ထုများစုပုံခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း တည်ဆောက်ရေး လုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်းလုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်ထုတ်ပေးပါရန် မန္တလေးတိုင်းဒေသကြီး၊ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ၊ နည်းဥပဒေများအရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြား အမှတ်၊ -----------------
---------------------------------------------------------------------------------။

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ -----------------------------
---------------------------------------------------------------------------------။

(ဂ) လျှောက်ထားသူ၏နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ် အမှတ်နှင့် အီးမေးလ် လိပ်စာ၊-----------------------------------------------------------------------။

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်းအမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာ လိပ်စာ၊---------------------------
---------------------------------------------------------------------------------။

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်နှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ၊---------------------------------------------
---------------------------------------------------------------------------------။

(စ) ကိုယ်စားလှယ်၏လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ -------------------------------
-----------------------------------------------------------------------------------။

(ဆ) လုပ်ငန်းလုပ်ကိုင်မည့်နေရာလိပ်စာ၊ -------------------------------------------
-----------------------------------------------------------------------------------။

(ဇ) လုပ်ငန်းလုပ်ကိုင်မည့်နေရာ အကျယ်အဝန်း၊ အတိုင်းအတာ၊ ----------------------
-----------------------------------------------------------------------------------။

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်ပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများ ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ (ရှိလျှင်)။

(ခ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်။

(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့်မှတ်ပုံတင် လက်မှတ်မိတ္တူ။

(ဃ) ဆိပ်ကမ်းအသုံးပြုမည့် မြေနေရာ၏ တည်နေရာပြ မြေပုံအကြမ်း။

(င) လျှောက်ထားသူ၏ အမျိုးသားမှတ်ပုံတင် မိတ္တူ(၃)စောင်။

(စ) လျှောက်ထားသူ၏ ဓာတ်ပုံ(၃)ပုံ။

(ဆ) ------------------------------------------------------------------------------
-----------------------------------------------------------------------------------။

လက်မှတ်၊-----------------------------------------

လျှောက်ထားသူအမည်၊-----------------------------

လျှောက်ထားသည့်အဖွဲ့အစည်းအမည်၊----------------
--------------------------------------------------

ကိုယ်စားလှယ်အမည်၊ ------------------------------

ဆက်သွယ်ရန်လိပ်စာ၊ ------------------------------
--------------------------------------------------

ဖုန်း၊ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ၊--------------
--------------------------------------------------

ပုံစံ(၈)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

# မန္တလေးမြို့

# ကမ်းပါးနယ်နှင့်ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်းလုပ်ငန်း

# လုပ်ကိုင်ခွင့်ပြုချက်အမှတ်(   /    )

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီး၊ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ တင်ပြချက်ကို စိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား ကမ်းပါးနယ်နှင့် ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများစုပုံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုချက် ထုတ်ပေးလိုက်သည်-

(က) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ -----------------------------
---------------------------------------------------------------------------------------။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကဒ်အမှတ်၊ --------------
---------------------------------------------------------------------------------------။

(ဂ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ်၏ နေရပ်လိပ်စာ၊ --------------------------------
---------------------------------------------------------------------------------------။

(ဃ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့် တည်နေရာလိပ်စာ၊---------------------------------------------------------------------------
---------------------------------------------------------------------------------------။

၂။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်တည်နေရာ၊ ---------------------------------------
---------------------------------------------------------------------------------------။

၃။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့်နေရာအကျယ်အဝန်း၊အတိုင်းအတာ၊ ----------------------
---------------------------------------------------------------------------------------။

၄။ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည်-

(က) ကမ်းပါးနယ်နှင့် ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း သတ်မှတ်ချက်ထက်ပို၍ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

(ခ) ခွင့်ပြုသည့်လုပ်ငန်းနေရာအကျယ်အဝန်း၊ အတိုင်းအတာထက်ပို၍ လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ဂ) မြစ်ချောင်း၊ ရေလမ်းကြောင်းအတွင်း ရေယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း မပြုရ။

(ဃ) ရေထုညစ်ညမ်းမှုကိုဖြစ်စေသည့် သို့မဟုတ် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ကိစ္စများ မပြုရ။

(င) ဦးစီးဌာန၏ အခါအားလျော်စွာ ထုတ်ပြန်သောစည်းကမ်းချက်များကို လိုက်နာရမည်။

၅။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ ၁နှစ်ဖြစ် သည်။

(က) ခွင့်ပြုကာလမှာ၊-------------------------------------------------------------------- --------------------------------------------------------------------ထိဖြစ်သည်။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသည့် ခွင့်ပြုသည့်ကာလ ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀)ကြိုတင်၍ သက်တမ်းတိုးမြှင့် ပေးရန် လျှောက်ထားရမည်။

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီး**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

စာအမှတ်၊ ------------------

ရက်စွဲ၊ ----------------------